
# ကိုပိုက်

ကာဒိုးကျော်ခ



"ကဒိုးကျော်ခ"

ကိုပိုက်

*

စောစောပိုင်းလေးက တသဲသဲရွာခဲ့သော မိုးသည် စဲသွားချေပြီ ဖြစ်သည်ကြောင့် "ဝါးခုတ်" တဲလေးတွင် မိုးခိုနေကြသည့် မုဆိုးနှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ပြီး ပြုံးပြကာ တဲပေါ်မှ ဆင်းလိုက်ကြတော့၏။

"မြောင်ဖျားဘက် တက်ကြမလား ဒီကပဲ ပြန်ကြမလား"

"တစ်မနက်လုံး မိုးရွာလေတော့ကာ ဘာသားကောင်မှလည်းမရ စားစရာလဲ မရှိလေတော့ အချိန်လေးလဲရှိတုန်း မြောင်ဖျားတက်ကြလျှင်ဖြင့် ကောင်းလိမ့်မယ်ထင်တယ်"

တစ်ယောက်သော မုဆိုးက သို့ပြောလိုက်သည်တွင် ကျန်တစ်ယောက်က လည်း ငြင်းဆန်ခြင်း မရှိလေဘဲ ခေါင်းညိတ် အသိအမှတ်ပြုလျက် တဲနောက်ဖက် တောင်ကြောလေးပေါ်သို့ ဦးဆောင် တက်သွားလေတော့၏။

သူတို့ ခါးတစ်ဝက်ခန့်ရှိ သစ်ပင်ချုံနွယ်တို့ကို လမ်းရှင်း လျှောက်ခဲ့ကြခြင်း ဖြစ်သည်ကြောင့် အစဉ်တစိုက် ခပ်လှမ်းလှမ်းသို့ ကဲကြည့်နိုင်ခြင်း မရှိကြချေ။ တစ်ချက် တစ်ချက်သာလျှင် လှမ်းကဲကြည့်နိုင် ကြသည်ကြောင့် ရုတ်ခြည်းဆိုသလို ဝံကောင်၏ အနီးကပ် ကြောက်ကန် ... ကန် တိုက်ခိုက်ခြင်းကို ခံလိုက်ကြရတော့၏။

"ဂါး ...ဂရား"

"ဂူး"

"အား"

ဖြစ်စဉ်မှာ သူတို့သည် တောင်ကြောလမ်းလေးအတိုင်း လျှောက်သွားခဲ့ကြသည်တွင် ဝံကောင်သည် နံဘေးတောင်ကြော လေအောက်မှ ကုန်းကုန်းကွကွ တက်လာသည်တွင် ချုံနွယ်သစ်ပင်တို့ကြား အကောင်လုံး ပျောက်နေသည်ကြောင့် ထိပ်တိုက် တိုးခဲ့ကြခြင်း ဖြစ်တော့၏။

ဝံကောင်သည်လည်း သူ့လမ်းသူ ထွင်လာခြင်းဖြစ်၏။

မုဆိုးနှစ်ယောက်သည်လည်း သူတို့လမ်းသူတို့ သွားကြခြင်းဖြစ်၏။

သို့ သွားလာကြရာတွင် ကိုယ့်စိတ်ကူးနှင့်ကိုယ် ကိုယ့်အတွေးနှင့်ကိုယ် ဖြစ်လေသည်ကြောင့် သို့အနီးကပ် ပက်ပင်တိုးကြခြင်း ဖြစ်တော့၏။

သို့ဆိုလေတော့ ကြောက်လန့်တကြား ဖြစ်သွားကြကာ အော်ဟစ်လိုက်ကြခြင်း ဖြစ်၏။

သည်တော့ကာ ... ဝံကောင်သည် သူတက်လာရာ မြောင်ကြပ်လေးအောက် ပြန်ပြေး ဆင်းသွားသကဲ့သို့ မုဆိုးနှစ်ယောက်သည်လည်း နောက်ကြောင်း ပြန်လှည့်ပြေးသွားကြခြင်း ဖြစ်တော့၏။

သို့ငြား ဝံကောင်က ကြောက်ကန်ကန် ပတတ်ရပ်ပုတ်ခတ် တိုက်ခိုက်သွားခြင်းကြောင့် ရှေ့မှ ဦးဆောင် လမ်းထွင်သွားနေသည့် တစ်ယောက်သော မုဆိုး၏ လက်ဖျံရိုးကို ကုတ်ခြစ် လှည့်ပြေးသွားခြင်း ဖြစ်တော့၏။

သို့တောင်မှ လူသားမုဆိုး၏ သတိရှိမှု ဖျတ်လတ်ခြင်းကြောင့်ဟု ဆိုရပေချိမ့်မည်။ ဘယ့်တွက်မူ လူသားမုဆိုးက ရုတ်ခြည်း အနားကပ်ရောက်ရှိ တိုက်ခိုက်လာသည့် ဝံကောင်၏ တိုက်ကွက်ကို ရိပ်ခနဲ မြင်လိုက်သည်နှင့်

လက်ဖြင့်ကာဆီး နောက်တစ်လှမ်းဆုတ်ကာ လှစ်ခနဲ လှည့်ပြေးခဲ့ခြင်းကြောင့် အသက်နှင့်ကိုယ် ... အိုးစားမကွဲရခြင်း ဖြစ်တော့သည်။

သူ့နောက်မှ ကပ်လိုက်လာသော မုဆိုးသည် ကံကောင်းလေခြင်းဟု ပြောရပေချိမ့်မည်။

နှစ်ယောက်သား သုတ်ခြေတင်ပြေးလာခဲ့ကြရာမှ ဝါးတောလေးတစ်ခု အရောက်တွင် ဝံကောင် လိုက်မလာလေတော့သည် သိလိုက်သည်ကြောင့်လည်း ပြေးလွှားခြင်းကို ရပ်တန့်လိုက်ကာ မြေပေါ်ထိုင်ချ နားလိုက်ကြတော့၏။

"မင်းဘာဖြစ်သွားသေးလဲ"

ရှေ့မှဦးဆောင် လှည့်ပြေးလာသော မုဆိုးက ဝံကောင်၏ တိုက်ခိုက်ခြင်း ခံလိုက်ရသည့် နောက်မှ ပြေးလိုက်လာသော မုဆိုးကို မေးလိုက်၏။ သတိတရ အလောတကြီး မေးဖော်တော့ ရသားကလား။

"ငါတို့ လှည့်အပြေးမြန်လို့ပေါ့ "

ထိုမုဆိုးကပင် တစ်ဆက်တည်း ဆိုသလိုပြောလေ၏။

တော်သေးတာပေါ့ကွာ ဝံကောင်ကလည်း ဒို့ကို ရုတ်တရက် မြင်လိုက်တော့ကာ ကြောက်ကန်ကန် တိုက်ခိုက်ပြေးသွားပေလို့ နို့ဖြင့် ငါတော့ မလွယ်ချေဘူး"

သို့နှယ်ပြောရင်း သွေးစို့ထွက်နေသော သူ့လက်ဖျံကို မ,ကြည့်လိုက်၏။

"ဒီဒဏ်ရာလေးက မင့်အတွက် ဘာမှမဖြစ်လောက်ပါဘူးနော်"

ဒဏ်ရာရမုဆိုးက သို့မေးလာသော မုဆိုး၏ မျက်နှာကို အသေအချာကြည့်လိုက်ပြီး...

"အပ်စူးတာတောင် နာသေးတာပဲကွာ" ဟု ပြောလိုက်လေတော့၏။

"ဒါတော့ ငါသိတာပေါ့ကွာ ...နို့ပေမင့် အသက်ဘေးက လွတ်လာတာကို ပဲ ဝမ်းသာရမယ် မဟုတ်လား ...မှန်း ...ငါပတ်တီးစည်းပေးမယ်"

သို့နှယ်ပြောကာ သူ၏ပုဆိုးစကို ဆွဲဖြဲလိုက်ကာ ပတ်တီးနှယ်ပြုလုပ် . စည်းနှောင်ပေးလိုက်တော့၏။

"ကဲ ...ဒို့ ဘာဆက်လုပ်ကြမလဲ"

သို့ အမေးခံလိုက်ရသော ဒဏ်ရာရမှဆိုးသည် သူတို့ပြေးဆင်းလာရာ တောင်ကြောလေးပေါ်သို့ လှမ်းကြည့်လိုက်ပြီး အံကြိတ်လိုက်ကာ-

"အဲဒီ ဝံကောင်ကို သွားပြန်သတ်မယ်" ဟုပြောလာသည်တွင်

"ဟား ... ဟား ... ဟား ... ဟား ... အတော်ရယ်ရတဲ့ ကောင်ပေပဲ ... ဝံကောင်က ဘယ်နားရှိနေမှာမို့လဲ ... ...ခြေဦးတည့်ရာ ပြေးသွားလောက်ပြီ ပေါ့"

"နို့ဖြင့်လည်း ပြန်ကြစို့ကွာ"

သို့နှယ်ပြောပြီး ထိုင်ရာမှ ထလိုက်တော့၏။

"ဟာ... နေဦး"

ကြသောင်းဝါးရုံတစ်ခုနားသို့ သွားလိုက်၏။

"ဒို့ကံကောင်းတာပဲ ...ဒီမယ် တောင်လိပ်တစ်ကောင်ပဲဟေ့"

သည်သို့ဖြင့် သူတို့နှစ်ယောက်သည် လွန်မင်းစွာ ဆာလောင်နေသည်လည်း ဖြစ်၍ ဝါးတောအတွင်း ထီးတည်းပေါက်နေသည့် ကျွန်းပင်ကြီးတစ်ပင်အောက်တွင် နားနေရင်း လိပ်ကောင်ကို အသားဖျက်ထုတ် တံစို့ထိုးမီးကင်လိုက်ကြတော့၏။

"မင်းလက်ကအနာကြီးနဲ့ စားလို့ဖြစ်ပါ့မလား"

"အဲဒါနောက်ကိစ္စ လောလောဆယ် ငါသိပ်ဆာနေပြီ ဖြစ်ချင်ရာဖြစ်ကွာ"

သို့နှယ်ပြောလျက် လိပ်သားမီးကင် ကျက်သည်တွင် အားပါးတရ မြိန်ရှက်စွာ စားလိုက်လေတော့၏။

"ကဲ ...သွားကြမယ်"

ထိုင်ရာမှထလိုက်ကြကာ မနီးမဝေးလောက်တွင်ရှိသည့် ဝါးတောအတွင်း ဖြတ်စီး ဆင်းသွားသည့် စမ်းချောင်းလေးတွင် ရေသောက်ခြေလက် သန့်စင်လိုက်ကြပြီးနောက် ထိုနေရာလေးမှ ထွက်ခဲ့ကြတော့သည်။

ထိုနေရာလေးမှ မုဆိုးနှစ်ယောက်သည် ထွက်သွားကြပြီး အတန်ကြာတွင် ထိုနေရာလေးသို့ အရပ်အားဖြင့် ... လေးပေပင်မပြည့်တတ်သည့် လူပုကြီး တစ်ယောက် ရောက်လာလေတော့၏။

အသက်အားဖြင့် လေးဆယ်ထက် မလျော့နိုင်ခြင်းကြောင့် လူပုကြီးဟု ဆိုလိုက်ရခြင်း ဖြစ်တော့၏။

မုဆိုးနှစ်ယောက် စခန်းချသွားသည့်နေရာမှ မီးကျည်မီးခဲ အကြွင်းအကျန်များကို ငြိမ်းသတ်နေရင်း-

"အတော်အသုံးမကျတဲ့ လူနှစ်ယောက်ပေပဲ အမှိုက်ကစ ပြာသာဒ် မီးလောင် ဖြစ်ချေရော့မယ် ... ဒီမီးကြွင်းမီးကျန်ကနေ တောမီးလောင်သွားနိုင်တာ မသိကြပေဘူးလား၊ ဒီအခါ အပြစ်မဲ့တဲ့ တိရစ္ဆာန်ကောင်လေးတွေ အခြေအနေပျက်ကြတော့မယ်၊ ဒုက္ခရောက်ကြတော့မယ်" ဟု တစ်ယောက်တည်း တီးတိုးရေရွတ်လိုက်တော့၏။

ပြီးနောက် လူပုကြီးသည် မုဆိုးနှစ်ယောက် ထွက်သွားရာ လမ်းကြောင်းအတိုင်း ထွက်သွားလေတော့၏။

မုဆိုးနှစ်ယောက်နောက် လိုက်သွားခြင်းလေလား။ သူ့လမ်းသူ သွားခြင်းလေလားဆိုသည် ... သူကိုယ်၌သာလျှင် အသိဆုံးဖြစ်ပေလိမ့်မည်။

လူပုကြီး ထိုနေရာလေးမှ ထွက်သွားပြီး အတန်ကြာတွင် ထိုနေရာလေးသို့ ရသေ့တစ်ပါး ရောက်လာပြန်တော့၏။

မြေပြင်မှာ ထင်ကျန်ရစ်လေသည့် မုဆိုးနှစ်ယောက်နှင့် လူပုကြီး၏ခြေရာကို စူးစမ်းကြည့်နေလျက်မှ သက်ပြင်းရှည်ကြီး တစ်ခုကို ချလိုက်တော့၏။

"ဟင်း ..."

သည့်နောက် -

"ကိုလူပုနဲ့ သားသတ်မုဆိုးနှစ်ယောက် တွေ့ကြပြီပေါ့" ဟု တီးတိုးရေရွတ်လိုက်ပြီး သူ့လက်တွင်းရှိ ကြေးစည်လေးကို 'နှောင်ဝေ ...ဝေ ...ဝေ' ရယ်လို့ မြည်အောင် ရိုက်ခတ်လိုက်ပြီးနောက် မုဆိုးနှစ်ယောက်နှင့် လူပုကြီး ထွက်သွားသော လမ်းကြောင်းအတိုင်း ထွက်သွားပြန်လေတော့သည်။

***